ဝေဒဂ်၏ဂုဏ်ပြုစာစဉ်

# တစ်သက်တာဟောစာတမ်း



## အင်္ဂါ သားသမီးများအတွက်

အတတ်ပေဟာ ပုဏ္ဏားနက္ခတ် ဗေဒင်ဆရာကြီး

ဦးရာမ

ဒုတိယအကြိမ်

# အင်္ဂါသားသမီး များ အတွက်
# တစ်သက်တာ ဟောစာတမ်း

အကယ်၍ သင်သည် အင်္ဂါနေ့တွင် မွေးဖွားသောသူဖြစ်ပါလျှင် သင့်ဘဝ၏ ကောင်းကျိုး၊ ဆိုးကျိုးများ သည် အောက်ပါအတိုင်း ဖြစ်ပျက်ကြုံတွေ့ ရပါလိမ့်မည်။

ဤအင်္ဂါနေ့တွင် မွေးဖွားသန့်စင်သော သတို့ သားဖြစ်စေ၊ သတို့ သမီးဖြစ်စေ၊ လူတိုင်းသည် စိတ်ထက်မြက်မည်။ စိတ်ကြီးမည်၊ လုပ်ရဲကိုင်ရဲမည်၊ စိတ်နေသဘောထား ကောင်းမွန်မည်။ သူများကို ကူညီလိုစိတ်၊ ပေးကမ်းလိုစိတ် အမြဲရှိသည် ။ သူများ အကျိုး ဆောင်ရွက်လိုစိတ် ရှိမည်။ သူများ အတွက် အတတ်နိုင်ဆုံး ကူညီတတ်သော စိတ်ကောင်း ရှိမည်။ မိမိ၏ စိတ်ဓာတ်မှာ မာကြောပါသည် ။ တစ်ခုခုကို မဖြစ်မနေ လုပ်လိုစိတ်ရှိမည်။ လုပ်ပြလိုစိတ်ရှိမည်။ တစ်ခုခုကို လုပ်မည်ဆိုလျှင် လုပ်ရမှ ကျေနပ်တတ်သောစိတ်ရှိမည်။

ဆန္ဒတွင် ရှိသမျှကို ဖြိုးစားကြီးအရမ်းကာရော အကောင်အထည်ဖော်လိုစိတ်ရှိမည်။ မိမိလုပ်ချင်တာကို မလုပ်ရခြင်း၊ စိတ်ထဲတွင် တနုံ့နုံ့ခံစားနေရမည်။ လုပ်ပြီးမှ စိတ်ကျေနပ်မည်၊ သဘောကျမည်။ အလုပ်တစ်ခုကို လုပ်ပြီး မှားသည် ဖြစ်စေ၊ မှန်သည် ဖြစ်စေ၊ ပျော်ရွှင်မှုနှင့် နောင်တရမှုတို့ ကို ကြာရှည် မခံစားရတတ်ပါ။ မှားသွားလျှင်လည်း နောင်တမရတတ်ပါ။ တစ်ခဏတန့်သွား သလိုရှိပြီး ထပ်၍ လုပ်မည်။ မှ

န်သွားလျှင်၊ အောင်မြင်သွားလျှင်လည်း စိတ်ထဲမှာ မည်သို့မှ ခံစားချက်ပြင်းထန်မနေပါ။ ငြိမ်ငြိမ်ရော နေတတ်မည်။ ခပ်ပေ့ါပေ့ါ နေတတ်မည်။ မိမိ၏ စိတ်မှာ တစ်ခါတစ်ရံ စဉ်းစားဆင်ခြင်တွေးတောလုပ်မည်။ တစ်ခါတစ်ရံ တစ်ဇွတ်ထိုး လုပ်တတ်ပြီး၊ တစ်ခါတစ်ရံ နောင်ရေးကို ကြည့်လုပ်တတ်မည်။ သို့သော် ဘဝတစ်လုံးတွင် မကြာခဏ အမှားပေါင်း များ စွာကို ကြုံတွေ့ရတတ်မည်။ မကြာခဏ နောင်တများ ရတတ်မည်။ ပြီးလျှင် မကြာခဏ ကြည်နူးမှုများ ၊ ပျော်ရွှင်မှုများ ၊ ချမ်းမြေ့မှုများကို ခံစားရမည်၊ ကြုံတွေ့ရမည်။

ဘဝသည် အနေမမှန်ပါ။ အမျိုးမျိုးပြောင်းလဲကိန်းရှိသည် ။ မထင်မှတ်ခဲ့သော၊ မမျှော်လင့်ခဲ့သော အတွေ့အကြုံ ခံစားရမည်။ တွေ့ကြုံရမည်၊ ဘဝတွင် ရည်ရွယ်ချက်မဲ့သော လုပ်ရပ်ပေါင်းများ စွာကို လုပ်ကိုင်တတ်မည်။ ထိုလုပ်ရပ်များ ပေါ်မှာ အကျိုးအမြတ်များကို တွေ့ရသလို၊ အနှောင့်အယှက် များကိုလည်း ခံစားရမည်။ ဘဝတစ်လျှောက်လုံးမှာ စိတ်ဝင်စားစရာ လေးများကို တွေ့ရပါလိမ့်မည်။

စိတ်သဘောထားမှာ ပွင့်လင်းမည်။ ရှင်းလင်းပြတ်သားမည်၊ အားမနာတမ်း ပြောမည်။ သို့သော် ပထမပိုင်းတွင် ကိုယ်ချင်းစာ၊ ညှာတာစိတ်နှင့် အားနာ၍ မပြောရက်ဖြစ်နေမည်။ နောက်မှ အားရပါးရ ပြောဆိုတတ်မည်။ ဘဝတွင် ဖြစ်ပျက်မှုတို့ သည် မိမိကိုယ်တိုင်လှုပ်ရှားရမည့် အပိုင်းနှင့် သူများကြောင့်လှုပ်ရှား ရမည့်အပိုင်းဟူ၍ နှစ်ပိုင်းရှိပါသည် ။ မိမိမှာ စိတ်နေစိတ်ထား ကောင်းသည် ၊ စိတ်ရင်းကောင်းသည် ၊ စေတနာကောင်းသည် ။ တစ်စုံတစ်ယောက်ကလာ၍ အကူအညီတောင်းလျှင် မဖြစ်မနေ ကူညီလိုစိတ်ရှိသည် ။ သူများ အတွက် အကျိုးဆောင်ရွက်ရမည်။ သူများကြောင့် လှုပ်ရှားရမည့် အပိုင်းဆိုသည် မှာ မိမိကို အများ ဝန်ထမ်းဇာတာဟု ခေါ်ရပါမည်။ ဘဝတွင် မကြာခဏ အများကိုကူညီ ရပါ

မည်။ ရပ်ရေး၊ ရွာရေးအတွက် သော်လည်းကောင်း၊ တိုင်းရေးပြည်ရေး အတွက်သော်လည်းကောင်း၊ လူမှုရေးများ အတွက်သော်လည်းကောင်း၊ အမြဲတမ်း ထက်ထက်မြက်မြက် လုပ်တတ်မည်။ အားကျိုးမာန်တက် လုပ်တတ်မည်။ အမြဲတစေ ရှေ့ကနေ၍ လုပ်တတ်ပါမည်။

စိတ်ထားမှာ လည်း အများ အကျိုးဆောင်၊ ကိုယ့်အကျိုးအောင် ဆောင်ပုဒ်ကို အမြဲတမ်း ယုံကြည်ထားသူဖြစ်ပါသည် ။ ကံဇာတာမှာ လည်း အများ အကျိုးလုပ်ရင်း နာမည်ကျော်ကြားရမည်၊ ကျော်ဇောထင်ရှား လူသိများ ရတတ်ပါမည်။ နာမည်ကြီးမည်၊ သတင်းကြီးမည်။ သို့သော် အများ အတွက် လုပ်လွန်းပြီး အမှားပေါင်းများ စွာကို တွေ့ရမည်။ နှောင်တအမျိုးမျိုးကို တွေ့ရတတ်ပါသည် ။ စိတ်ညစ်စရာ အမျိုးမျိုး၊ စိတ်ပျက်စရာအမျိုးမျိုး၊ စိတ်ဓာတ်ကျစရာ အမျိုးမျိုးကို တွေ့ရတတ်ပါသည် ။ ထို့အတူ ဂုဏ်ပြုမှုများ ၊ အားပေးမှုများ ၊ ချီးကျူးမှုများကိုလည်း ခံစားရပါမည်။ အများ ဝန်ကို ထမ်းခြင်းဖြင့် အကောင်းနှင့် မကောင်းကြားတွင် ရပ်တည်နေရပါမည်။

မိမိကို ယုံကြည်၍ ၊ သဘောကျ၍ ၊ အထင်ကြီး၍ ၊ လေးစား၍ ဆက်ဆံတတ်သူများကို တွေ့ရသလို၊ မိမိကို အထင်သေးသူများ ၊ တင်စီးပြောသူများ မကောင်းကြံသူများ ၊ ချောက်တွန်းသူများ ၊ မိမိအကျိုးလိုသလိုနှင့် မကောင်းကြံသူများကို အထူးတွေ့ရပါမည်။ မိမိကိုယ်တိုင် ပါဝင်လှုပ်ရှားရမည် ဟူသော အပိုင်းမှာ ကိုယ်ပိုင်လုပ်ကိုင်သော အလုပ်ကိုမဆို လုပ်နိုင်စွမ်းရှိသည် ။ အောက်ခြေသိမ်း လုပ်တတ်သည် ။ အသေးစိတ် လုပ်နိုင်စွမ်းရှိသည် ။ စိတ်ရှည်လက်ရှည် လုပ်ကိုင်တတ်မည်။ ဇွဲနှင့် ဝီရိယနှင့် လုပ်ကိုင်တတ်မည်။ လုပ်မည်ဟု ဆိုလျှင် မဖြစ်မနေ၊ အောင်မြင်သည် အထိ လုပ်နိုင်စွမ်းရှိပါသည် ။

တစ်ခုခုကို လုပ်လျှင် လိုရာပန်းတိုင်အထိ လုပ်တတ်သည် ။ သို့သော် မလုပ်ခင် အလွန် ပျင်းရိနေတတ်မည်။ လုပ်မည်၊ လုပ်မည်နှင့် မလုပ်ဘဲ နေတတ်မည်။ လုပ်စရာရှိလျှင်လည်း စိတ်မြန်လက်မြန် လုပ်တတ်ပါမည်။ မည်သည့်အလုပ်ကိုမဆို မြန်မြန်ထက်ထက်ပြီးစေလိုသော စေတနာရှိသည် ။ ခက်သည် မှာ မိမိက မလုပ်ဘဲဆွဲနေသည် က ခက်ပါသည် ။ တစ်ဖန်အလုပ်တစ်ခုကို လုပ်ရင်းစိတ်မပါတတ်မှုများ ရှိပါသည် ။ ပထမတွင် အလွန် စိတ်ထက်ထက်သန်သန် လုပ်တတ်မည်။ နောက် လုပ်ရင်းလုပ်ရင်းနှင့် မိမိဖာသာ သဘောမကျဘဲ ရပ်ဆိုင်းပစ်တတ်မည်။

လုပ်ရင်းလုပ်ရင်းနှင့် အခြားအလုပ်များကို စိတ်ပါဝင်စားနေတတ်သည် ။ မည်သည့် အလုပ်ကိုမဆို မလုပ်ခင် အလွန်ပျင်းသော်လည်း ၊ လုပ်သောအခါ စိတ်ရှည်ရှည်၊ ဇွဲနှင့်လုပ်တတ်ပါမည်။ မိမိကမည်သည့် အလုပ်ကိုမဆို ရည်ရွယ်ချက်အပြည့်နှင့် လုပ်တတ်မည်။ လုပ်မည့်အလုပ်မှာ လည်း ပိုင်နိုင်မှ ၊ သေချာမှ ၊ အကျိုးရှိမှ ၊ လုပ်တတ်မည်။ တစ်ခါတစ်ရံလည်း အကြောင်းကြောင်းကြောင့် အကျိုးမရှိဘဲ လုပ်ရတတ်မည်။ ပတ်ဝန်းကျင်ကြောင့် လုပ်ရတတ်သည် ။ တစ်ခါတစ်ရံ ရည်ရွယ်ချက်ကင်းမဲ့စွာ လုပ်ချင်ရာ လုပ်နေလိုစိတ်မှာ ပေါ်ပေါက်နေမည်။ တစ်ခါတစ်ရံ အကျိုးမရှိဘဲ အပျော်တမ်းလုပ်ချင်လုပ်နေတတ်မည်။ စိတ်သွားတိုင်းကိုယ်ပါနေတတ်သူဖြစ်သည် ။

စိတ်ချမ်းသာရာ၊ စိတ်ပျော်ရာလုပ်တတ်ပါသည် ။ တစ်ယောက်တည်း စိတ်ကူးယဉ်၍ ပျော်နေတတ်မည်။ မိမိ၏ ရှေ့ရေးကို တွေး၍ ပျော်နေမည်။ နောင်ရေးတွင် ဘာလုပ်လျှင်ကောင်းမည်၊ အကျိုးရှိမည်ကို အမြဲတမ်း စဉ်းစားနေမည်။ တွေး၍ ပူနေမည်။ ဖြစ်မှ ဖြစ်ပါ့မလားနှင့် စိုးရိမ်ကြောင့်ကြ နေတတ်ပါမည်။ မည်သည့်အလုပ်ကိုမဆို စိတ်ပါလက်ပါ လုပ်လျှင်၊ မိမိသဘောကျရာလုပ်လျှင် အထူးအောင်မြင်

တတ်မည်၊ အကျိုးရှိပါမည်။ မိမိ၏ စိတ်နေသဘောထားမှာ ရိုးသည် ၊ အေးသည် ၊ တည်ကြည်သည် ၊ မှန်သည် ၊ ပြတ်သားသည် ၊ မည်သည့် အရာကိုမဆို စူးစမ်းလိုစိတ်ရှိသည် ။ ဂရုစိုက်လိုစိတ် ရှိသည် ။ လေ့လာလိုစိတ်ရှိသည် ။

သူများ စိတ်မဝင်စားဘဲ ပစ်ထားသော အလုပ်များ ၊ သူများ မလုပ်ရဲသော အလုပ်များကို လုပ်ခြင်းဖြင့် နာမည်ကြီးရတတ်ပါသည် ။ လူချစ်လူခင် ပေါများ မည်။ သူများ ၏ ယုံကြည်လေးစားခြင်း၊ အားကိုးအားထားပြုခြင်း၊ အထင်အမြင်ကြီးခြင်းများကို ခံရပါမည်။ မိမိ၏ အထက်အရာရှိများ ၊ အုပ်ချုပ်သူများက အထူးအားကိုးကြပါမည်၊ ယုံကြည်ကြပါမည်။ သူများ မလုပ်နိုင်သော အလုပ်များကို ယုံကြည်၍ ခိုင်းပါမည်။ မိမိကလည်း အထက်အရာရှိ များ ခိုင်းသောအလုပ်ကို တိတိကျကျ လုပ်တတ်ပါမည်။ ပေးအပ်သောတာဝန်ကို အထူးကျေပွန်စွာ လုပ်သောဝါသနာရှိသည် ။ မည်သည့်အလုပ်ကိုမဆို သွက်သွက်လက်လက် ၊ ချက်ချက်ချာချာ လုပ်တတ်သည် ။

သို့သော် ပတ်ဝန်းကျင်က မိမိကို ပျင်းသည် ၊ ပေါ့သည် ဟူ၍ ထင်မြင်ပြောဆိုမည်။ အပြင်ပန်းကကြည့်လျှင် မထိမလုပ်၊ ထိခလုပ်လိုလို၊ ပေါ့ပေါ့ပျင်းပျင်း နေသလိုလို၊ အေးတိအေးစက် နေသလိုလို ထင်မြင်ရပါမည်။ အမှန်မှာ ဖာသိဖာသာ နေခြင်းသာ ဖြစ်ပါသည် ။ အပြင်ပန်းက ပျင်းသလိုရှိသော်လည်း အမြဲတမ်း စိတ်ကိုအလုပ်ပေးနေရမည်။ ခက်သည် မှာ လက်တွေ့တွင် စဉ်းစားသလောက် စိတ်ကူးယဉ်သလောက် အလုပ်မလုပ်တတ်ပါ။

စိတ်တိုသည် ၊ ဒေါသကြီးသည် ၊ စိတ်ဆိုးလွယ်ပြီး၊ စိတ်ပြေလွယ်ပါသည် ။ စိတ်ကငြိမ်းချမ်းရေးတစ်ဖက်နှင့် မီးဒုတ်တစ်ဖက် ကိုင်ထားလိုစိ

တ် ရှိသည် ။ တစ်ခါတစ်ရံ ပျော့အိအိနေတတ်သလို၊ တစ်ခါတစ်ရံ အလကားနေရင်း ကပ်ချင်ကပ်နေ တတ်မည်။ တစ်ခါတစ်ရံ ငြိမ်းချမ်းရေးကို လိုလားသလို၊ တစ်ခါတစ်ရံ ရန်လျှောက် ဖြစ်နေလိုစိတ် ရှိသည် ။ တစ်ခုခုကို စိတ်ပါဝင်စားစွာ လုပ်နေရင်း လာနှောင့်ယှက်လျှင် အလွန်ဒေါသကြီးမည်။ ဖြုန်းခနဲ သွေးနားထင်တက်သွားတတ်မည်။ သည်းခံစရာရှိလျှင်လည်း ကမ်းကုန်အောင်သည်းခံတတ်ပါမည်။ ဟင်းဆိုမည်သူကမှ ချော့၍ မရတော့ပါ။ မည်သူ့စကားမှ နားမထောင်တော့ပါ။ တဇွတ်ထိုးလုပ်မည်။ လုပ်မိလျှင် မျက်စိထဲ ဘာမှ မမြင်ဘဲ လုပ်ပစ်တတ်၍ ၊ နောက်ဆုံး မိမိအပြစ်သာ ဖြစ်နေမည်။ မကြာခဏ ရန်စခြင်းများ ခံရမည်။ မထိတထိခံနေရမည်။ မသိမသာ သွေးထိုးပေးမည်၊ ချောက်တွန်းမည်။

ပထမအလွန်သည်းခံ၍ မိမိလုပ်သောအခါ တရားလွန်ဖြစ်တတ်သဖြင့် နောက်ဆုံး မိမိအမှား ဖြစ်နေတတ်မည်။ စိတ်ထက်မြက်လွန်းနေတတ်၍ အနည်းငယ် သတိထားစေလိုပါသည် ။ မည်သည့် အကြောင်းကြောင့်မဆို သည်းခံနိုင်သရွေ့ သည်းခံတတ်သည် ။ မည်သူ့ကိုမဆို ခွင့်လွှတ်စေလိုပါသည် ။ မိမိ၏ စိတ်သည် အမြဲတမ်း အထက်တန်းကို မျှော်မှန်းနေပါမည်။ လက်ရှိဘဝမှ ရှေ့သို့တိုးတက်လိုစိတ်ရှိသည် ။ မြင့်မြတ်သောစိတ် ရှိသည် ။

အလုပ်အကိုင်နှင့်ပတ်သက်၍ တစ်ဘဝလုံးတွင် အလုပ်ငါးခုထက်မနည်း ပြောင်းလဲ လုပ်ကိုင်ရတတ်မည်။ အလုပ်တစ်ခုကို ခြောက်နှစ်ထက်ကြာအောင် မလုပ်ရတတ်ပါ။ တစ်ခုပြီး တစ်ခု ပြောင်းလုပ်ရမည်။ လခစားလုပ်ရလျှင်လည်း နေရာပြောင်းရခြင်း၊ ဌာနပြောင်းရခြင်း၊ ရာထူးပြောင်းရခြင်းများ ဖြစ်တတ်ပါသည် ။ ကိုယ်ပိုင်အလုပ်အကိုင် လုပ်လျှင်လည်း အလုပ်နှစ်မျိုး လုပ်ရခြင်း၊ တိုးချဲ့လုပ်ခြင်း၊ အခြားအလုပ်

သို့ ပြောင်းလုပ်ခြင်းများ ဖြစ်တတ်ပါသည် ။ လခစားဘဝတွင် မပျော်ပိုက်တတ်ပါ။ အထက်လူကြီးများက သဘောကျမည်။ ယုံကြည်အားကိုးမည်၊ ခပ်တန်းတန်းနေမည်၊ ဘာသိဘာသာနေမည်၊ ခပ်တည်တည်လုပ်နေမည်။ မိမိနှင့် တန်းတူရည်တူများ နှင့် မိမိလက်အောက်ငယ်သားများနှင့် သင့်တင့်အောင် နေလိုမည်။ သူတို့ အကျိုးကို အထူးဆောင်ရွက်တတ်မည်၊ လက်အောက်ငယ်သားများကို အမြဲတမ်း ကူညီလိုစိတ်ရှိသည် ။ မိမိကိုမူ လက်အောက်ငယ်သားများ နှင့် အချင်းချင်းတို့ သာအထင်ကြီးမည်။ သဘောကျမည်၊ သို့သော် အမြင်ကပ်တတ်ပါမည်။ ချောက်တွန်းခံရမည်။ လက်အောက်ငယ်သားများ တော်လှန်ခံရမည်။ မိမိကို လိုသလိုနှင့်ကွယ်ရာတွင် အတင်းပြောခံရမည်။ တစ်နေရာတွင် သုံးလေးနှစ်လောက်လုပ်ပြီး နောက်တစ်နေရာသို့ ပြောင်းလိုစိတ်ရှိမည်။ ကိုယ်ပိုင်အလုပ်ကို လုပ်ကိုင်သောအခါ သူများ နှင့်ရှယ်ယာမလုပ်ရ။ ပင်ပန်းပြီး သူများက အချောင်စားသွားမည်။

မိမိဘာသာ တစ်ယောက်တည်းလုပ်ပါ။ သူများ နှင့်လုပ်လျှင် မိမိက ပင်ပန်းခံပြီး၊ အစပျိုးပြီးမှ သူများက အချောင်စံသွားမည်။ လောဘကြီးသော်လည်း လက်တွေ့တွင် ရသမျှနှင့် တင်းတိမ်နေမည်။ ကံတရားကို အပြစ်ပုံချ နေရမည်။ ကိုယ်ပိုင်အလုပ် လုပ်သောအခါ၌ အလွန်အကျိုးရှိလိုက်၊ ထင်သလောက် အကျိုးမရှိလိုက်နှင့် လုံးလည်လိုက်နေလိမ့်မည်။ သို့သော် မည်မျှ ဆင်းရဲစေ လူတန်းစေ့နေနိုင်မည်၊ အဆင့်အတန်းမြင့်မြင့် နေနိုင်မည်။ ဂုဏ်ရှိရှိ နေနိုင်မည်။ မိမိက အလုပ်အကိုင်နှင့်ပတ်သက်၍ သူများ နှင့်တိုင်ပင်တတ်မည်၊ ဆွေးနွေးတတ်မည်။ အကြံဉာဏ် တောင်းတတ်မည်။ ရှင်းရှင်းဆိုရလျှင် မလုပ်ခင်ကတည်းက ကြွားဝါလိုစိတ်ကလည်း ပါပါသည် ။ နည်းနည်းလုပ်ပြီး များများ ပြောတတ်ပါမည်၊ တစ်ခါတစ်ရံ မိမိကမပြောသော်လည်း ပြောသည် ဟု အထင်ခံရမည်။ တစ်

ခါတစ်ရံ လှို့ဝှက်စရာရှိလျှင် အရေးမကြီးဘဲ လှို့ဝှက်ထားမည်။ သို့ သော် နှုတ်လုံပါသည် ။

တစ်စုံတစ်ယောက်က ယုံကြည်၍ လာပြောလျှင် မည်သည့်အခါမှ မ ပေါက်ကြားရတတ်ပါ။ မိမိကသာ မိမိအကြောင်းကို ပြောပြတတ်ပါသ ည် ။ အလုပ်အမျိုးမျိုးကို နားလည်တတ်၍ အလုပ်နှစ်မျိုး၊ သုံးမျိုးကို တ စ်ပြိုင်နက် လုပ်လိုစိတ်ရှိမည်။ မည်သည့် အလုပ်ကိုမဆို စိတ်ပါ၍ လုပ် လျှင် အောင်မြင်မည်။ မည်သူ့ကိုမှ အထင်မကြီးတတ်ပါ။ သူများ လုပ် သော အလုပ်များကိုလည်း အားမရတတ်ပါ။ သဘောမကျတတ်ပါ။ တ စ်ခုခုတွင် လိုနေသည် ဟု ထင်မှတ်နေတတ်မည်။ မိမိကို သူများက လာ ကူညီလျှင်လည်း မိမိမှာ တစ်ဖျစ်တောက်တောက် အပြစ်ရှာပြောနေတ တ်မည်။ အထင်သေး၍ ပြောနေတတ်မည်။ မိမိစိတ်က မိမိလုပ်မှ သေချာသည် ၊ ကောင်းသည် ၊ မှန်သည် ဟု ထင်နေသည် ။ မိမိပြော သောစကားသာ မှန်သည် ဟု ထင်မည်။ တစ်ခါတစ်ရံ အလကားနေရင်း တစ်ယူသန်နေလိမ့်မည်။ အယူသည်းနေတတ်မည်၊ အတိတ်နိမိတ်များ ကောက်နေတတ်မည်။ မည်သူက မည်သို့ပြောပါစေ မှန်သည် ဟု ဆုံးဖြ တ်ထားလျှင်၊ ထိုဆုံးဖြတ်ချက်ကို မည်သို့မှ မပြင်တတ်ပါ။

တစ်ခါတစ်ရံ သူများ စကား နားထောင်သယောင်နှင့် မိမိထင်ရာ လု ပ်တတ်မည်။ သူများ ပြောချင်ရာပြော၊ စိတ်ချမ်းသာရာ၊ ထင်ရာလုပ်ရ လျှင်ကျေနပ် နေတတ်မည်။ မိမိ၏ စိတ်ကူးများ ၊ အကြံအစည်များ မှန် သည် ဟု အထင်ကြီး နေမည်။ လက်တွေ့တွင် ထင်သလောက် မအောင်မြင်သည် ကို တွေ့ရပါမည်။ လုပ်ရဲသော ဇွဲသတ္တိနှင့် စိတ်ရှည် သော ဝီရိယတို့ ကြောင့် ပင်ပန်းရကျိုးနပ်ပါမည်။ အနည်းနှင့်အများ အ ကျိုးရှိပါမည်။

တစ်နေရာတွင် တိတ်ဆိတ်စွာနေရလျှင် အလွန်စိတ်ဓာတ်ကျတတ်ပါမည်။ စိတ်ညစ်တတ်မည်၊ ပျင်းရိနေမည်။ ငြီးငွေ့ထိုင်းမှိုင်း နေတတ်မည်။ သွားသွားလာလာ လုပ်ချင်မည်။ အမြဲတမ်း စိတ်လှုပ်ရှားနေတတ်သော သဘောရှိသည် ။ ဟိုသွား သည် သွား လုပ်ချင်လုပ်နေမည်။ မိမိက အလုပ်နှင့် လက်မပြတ်လုပ်နေမည်။ မိမိကံကြမ္မာကလည်း အလုပ်လုပ်လေ၊ ကျန်းမာလေဖြစ်မည်၊ အလုပ်မလုပ်ပဲ ထိုင်နေရလေ ပျင်းရိ လာပြီး နေထိုင်မကောင်း ဖြစ် လာလေဖြစ်မည်။

အမြဲတမ်းစိတ်ကို တက်ကြွအောင် လုပ်နေမည်၊ ထက်ထက် မြက်မြက်ဖြစ်အောင် လေ့ကျင့်နေလိုစိတ်ရှိမည်။ တစ်ခုခုတွင် စိတ်ညစ်မိလျှင် စိတ်ဓာတ်ကျမိလျှင်လည်း ခဏသာဖြစ်မည်။ ချက်ချင်းစိတ်ကိုဖြေပြီး အသစ်ထပ်မံ လုပ်တတ်သော ဝါသနာရှိပါသည် ။ မိမိကိုမသိသူများက အထင်သေးတတ်သော်လည်း ၊ အကြောင်းအနည်းအကျင်း သိသူများက မိမိကို လက်မလွှတ်နိုင်လောက်အောင် သဘောကျနေတတ်မည်။ အထင်ကြီး နေမည်၊ အားကိုးမည်၊ လုပ်မည်ဟေ့ ဆိုလျှင် မည်သူကမှ ထိန်းမရဘဲ ဆက်တိုက်ဆက်တိုက် လုပ်တတ်သော ဗီဇရှိပါသည် ။ အစစအရာရာတွင် ကောင်းသော်လည်း ၊ အထူးအားနည်းချက်မှာ လူတစ်ဖက်သားအပေါ်အနိုင်ရယူ လိုမှုပင် ဖြစ်ပါသည် ။

လူတစ်ဖက်သားကို မရရအောင် အနိုင်ယူမည်။ ( အနိုင်ကျင့်ခြင်း မဟုတ်ပါ၊ နှုတ်ဖြင့် အနိုင်ယူခြင်း ဖြစ်ပါသည် ) တင်စီးပြောချင်စိတ် အနည်းငယ် ရှိပါသည် ။ ထေ့သလို၊ ငေါ့သလို၊ နှိမ်သလို နှင့် ပြောဆိုတတ်မည်။ မိမိကလည်း မကောင်းမှန်းသိသော်လည်း ပြုပြင်၍ မရပါ။ မိမိ၏ ဗီဇပင် ဖြစ်နေတတ်ပါသည် ။ မိမိတွင် ချို့ယွင်းချက်ရှိသလို၊ မိမိမှာ ချစ်စရာကောင်းသော အသွင်သဏ္ဍာန်လည်း ရှိပါသည် ။

အပြင်ပန်းကကြည့်လျှင် စိတ်မရှည်သလို၊ စိတ်တိုဟန် ရှိပါသည် ။ ဟုတ်လည်း ဟုတ်သည် ၊ ဖြိုးကနဲဆို အလွန်စိတ်တိုလွယ်သည် ။ ဟောက်ပစ်တတ်မည်။ ဆူညံဆူညံ လုပ်ပစ်တတ်မည်။ သို့သော် အတွင်းစိတ်မှာ မူ အလွန်တည်ငြိမ်၍ စိတ်ရှည်ပါသည် ။ လူတစ်ဖက်သားအပေါ် အလွန်စေတနာ ရှိပါသည် ။ သင်ပြရာတွင် အလွန်စိတ်ရှည်ပါသည် ။ စေတနာအပြည့်နှင့် မတတ်မချင်း သည်းခံ၍ သင်ကြားပေးတတ်ပါမည်။ လူတစ်ဖက်သားအပေါ် အထူးလိုက်လျောတတ်မည်။ အလိုလိုက်တတ်ပါမည်။

*